# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)တွင်လစ်လပ်သည့်နည်းပြရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၁၆)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ဌာနအမည် | ခန့်ထားမည့်ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| ၁ | သမဝါယမပညာဌာန | (၄)ဦး | M.Econ(Eco), B.Econ(Eco)(Hons;), B.Econ(Eco)(Q), MSEM, B.BSc(SEM) (Q), B.BSc(Q), B.A(BS) (Q) |
| ၂ | မြန်မာစာဌာန | (၂)ဦး | M.A(Myanmar), B.A(Myanmar) (Q) |
| ၃ | အင်္ဂလိပ်စာဌာန | (၄)ဦး | M.A(English), M.A(EFL), B.A(English) (Q) |
| ၄ | ICT ဌာန | (၄)ဦး | M.C.Sc, M.C.Tech, M.I.Sc, M.E(IT),M.Sc(Computer Science), ကွန်ပျူတာဘာသာရပ်ဆိုင်ရာ မဟာဘွဲ့တက်ရောက်ခွင့်ရရှိပြီး Thesis ကျမ်းပြုစုဆဲဖြစ်သူ |
| ၅ | ဥပဒေပညာဌာန | (၂)ဦး | LL.M, LL.B(Q) |
| | **စုစုပေါင်း** | **(၁၆)ဦး** | |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၀-၅-၂၀၂၄)ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ (ကိုဗစ်-၁၉ ကာကွယ်ဆေး(၂)ကြိမ်ထိုးပြီးသူဖြစ်ရမည်။)

(ဃ) ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် ထမ်းဆောင်နိုင်ခြင်းမရှိပါက သတ်မှတ်လျော်ကြေးနှုန်းထားများအတိုင်း ပေးလျော်ရမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

(င) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismiss)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ပြစ်ဒဏ်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓါတ်ပုံ(၃)ပုံ

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်၊ လျှောက်ထားသည့် ကြိုတင်မိတ္တူ(၁)စောင်နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသောအလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၁)လအတွင်းထောက်ခံချက်မူရင်း

၄။ လျှောက်လွှာများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၊ စစ်ကိုင်းမြို့သို့ (၂၄- ၅ - ၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ ရေးဖြေစာမေးပွဲကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် (၇-၆-၂၀၂၄) ရက်နေ့၌ ပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ (၅-၆-၂၀၂၄)ရက်နေ့မှစတင်၍ ရေးဖြေ ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအမည်စာရင်းကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း၊ တက္ကသိုလ်၏ website ဖြစ်သည့် ucms.edu.mm နှင့် Facebook Page တို့တွင်လည်းကောင်း ကြေညာသွားမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းပြုလုပ်မည့်ရက်အား ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ ရေးဖြေ/လူတွေ့စစ်ဆေးချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင် စသည့်အထောက်အထားများ မူရင်းတင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၊ စစ်ကိုင်းမြို့၊ ဖုန်း ၀၇၂-၂၀၂၂၉၅၉ ၊ ၀၇၂-၂၀၂၂၉၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။